ဂကောံသၞတ်မန်လညာတ်တၟိ

Mon Youth Progressive Organization

# (၆၃) ကြိမ်မြောက် မွန်တော်လှန်ရေးနေ့ သဘောထား ထုတ်ပြန်ချက်

မွန်အမျိုးသားတို့သည် လူမျိုးကြီးစိုးရေးဝါဒနှင့် စစ်အာဏာရှင်စနစ်အဆက်ဆက်ကို လက်နက်ကိုင်တိုက်ပွဲဝင်ခဲ့သည်မှာ ယနေ့ဆိုလျှင် (၆၃) နှစ်ပြည့် ခဲ့ပြီးဖြစ်ပါသည်။ ဤကာလအတွင်း မွန်အမျိုးသားတို့၏တော်လှန်ရေးကို ယနေ့အချိန်အထိ ခိုင်ခိုင်မြဲမြဲရှိအောင် ထိန်းသိမ်းပြီး၊ မြေတောင်မြှောက်ပေး ခဲ့သည့် မွန်နိုင်ငံရေးပါတီအဆက်ဆက်နှင့် တော်လှန်ရေးခရီးတစ်လျှောက် အသက်၊ သွေး၊ ချွေးများပေးဆပ် ခဲ့သည့် အာဇာနည်ရဲဘော်များကို လေးစားဂုဏ်ယူမိပါသည်။ဤသို့ကိုယ်ကျိုးစွန့် အသက်၊ သွေး၊ ချွေးများ ပေးဆပ်စတေးခဲ့ကြသည်ကို မွန်အမျိုးသားတို့ ယနေ့ မမေ့အပ်ပေ။ ကျွန်တော်တို့၏လက်ဝယ်ရှိ တော်လှန်ရေးအသီးအပွင့်များကို ပျောက်ပျက်မသွားအောင် ဆက်လက်ထိန်းသိမ်းထားပြီး မွန်အမျိုးသားတစ်ရပ်လုံးအကြား တော်လှန်ရေးစိတ်ဓါတ်များ ပိုမိုပျံ့နှံ့နိုးကြားနေအောင် ပံ့ဖော်လုပ်ဆောင်သွားရမည်။

ယနေ့ နိုင်ငံရေးအခြေအနေသည် အရေးကြီးသည့် နိုင်ငံရေး အကွေ့အကောက်အတွင်း ရောက်ရှိနေ၍ ကျွန်တော်တို့ သတိကြီးစွာ ရင်ဆိုင်ဖြတ်သန်းကြရမည်။ နိုင်ငံရေးပြဿနာကို စားပွဲခုံပေါ်တွင်သုံးပွင့်ဆိုင်ပြီး ဖြေရှင်းနိုင်ရန် မွန်နိုင်ငံရေးအဖွဲ့အစည်းများနှင့် တိုင်းရင်းသားနိုင်ငံရေးအဖွဲ့အစည်းများတို့သည် မျက်မှောက်အချိန်အထိ အားသွန် ခွန်စိုက် ကြိုးပမ်းနေဆဲ ဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် နာဂစ်လေဘေးဒဏ်ကြောင့် သိန်းဂဏန်းနှင့်ပြည်သူများ အိုးအိမ်ပျောက်ဆုံး၊ သေကြေပျက်စီး ဒုက္ခရောက်နေသည်ကို စစ်အာဏာရှင်တို့မှ လျစ်လျူရှုရုံသာမက သူတို့၏အာဏာရေရှည်တည်တံ့အောင် ရည်ရွယ်ပြီး တစ်ဖက်သတ်ရေးဆွဲခဲ့သည့် အခြေခံဥပဒေကို နည်းအမျိုးမျိုးဖြင့် အတင်းအဓမ္မအတည်ပြုခဲ့သည်။

ဤအခြေခံဥပဒေကို မဏ္ဍိုင်ထားပြီး နိုဝင်ဘာလ (၇) ရက် ၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပပေးမည်ဟု ထုတ်ပြန်ခဲ့သည်။ လာမည့်စစ်အာဏာရှင် ရွေးကောက်ပွဲသည် ကျွန်တော်တို့တစ်မျိုးသားလုံးအတွက် အကျိုးရှိမည့် ရွေးကောက်ပွဲ လုံးဝမဖြစ်နိုင်ပါ။ ကျွန်တော်တို့မွန်အမျိုးသားတို့သည် အမျိုးသားရန်သူစစ်အာဏာရှင်ကို ခေါင်းငုံ့မှာန်လျှော့ပြီး သူတို့ခင်းပေးသည့်လမ်းအတိုင်း မျောပါလိုက်သွားမည်ဆိုက ကျွန်တော်တို့ မျှော်မှန်းထားသည့် ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးရေး၊ အမျိုးသားနိုင်ငံရေး အခွင့်အရေးနှင့် လွတ်လပ်သောမွန်ဒေသ တို့သည် ကြာလေဝေးလေ ဝေးသွားရန်သာ ဖြစ်တော့မည်။

**မွန်နိုင်ငံရေးအဖွဲ့အစည်းများနှင့် မျိုးချစ်မွန်လူငယ်အပေါင်းတို့**

ယနေ့မျက်မှောက် နိုင်ငံရေးအပြောင်းအလဲ၊ အချိုးအကွေ့တွင် ခြေတစ်လှမ်း အချမှားသွားမည်ဆိုလျှင် မလှပသည့် သမိုင်းတစ်ကွေ့ကိုရေးပြီးသား ဖြစ်သွားရုံသာမက ရရှိထားသည့် တော်လှန်ရေးအသီးအပွင့်များကို ဖျက်ဆီးပစ်ရာလည်း ရောက်သွားနိုင်မည်။ သို့ဖြစ်ပါ၍ စစ်အာဏာရှင်စနစ်ကို အသက်ဆိုးရှည်စေမည့် ဥပဒေများ အသက်သွင်းမအုပ်ချုပ်နိုင်အောင် တားဆီးရန်မှာ မွန်နိုင်ငံရေးအဖွဲ့အစည်းများနှင့် မွန်လူငယ်အပေါင်းတို့၏ အဓိကတာဝန်ဖြစ်သည်။ ထို့ကြောင့် စစ်အာဏာရှင်စနစ်နှင့် လာမည့်ရွေးကောက်ပွဲကို လုံးဝတိုက်ဖျက်ရန်မှာ-

(၁) မွန်တစ်မျိုးသားလုံး ညီညီညွတ်ညွတ်နှင့် လက်တွဲ ပူးပေါင်းပြီး ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်သွားရန်၊

(၂) မွန်ပြည်သစ်ပါတီနှင့် မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့မှ မွန်အမျိုးသားတစ်ရပ်လုံးကို ရှေ့မှဦးဆောင်ပြီး ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်တိုက်ဖျက်သွားရန်၊

(၃) မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီမှ စစ်အာဏာရှင်ရွေးကောက်ပွဲကို ဝင်ပြိုင်မည်ဆိုသည့် မိမိတို့၏ရပ်တည်ချက်ကို လေးလေးနက်နက် ပြန်လည်သုံးသပ်ပေးရန်၊

(၄) ပြည်ပရောက် မွန်လူ့အဖွဲ့အစည်းများမှာလည်း ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်သည့် အင်အားစုများ နှင့်အတူ တိုက်ပွဲဝင်သွားရန် တိုးတက်သော မွန်လူငယ်အစည်းအရုံးမှ တိုက်တွန်း နှိုးဆော်အပ်ပါသည်။

**တိုးတက်သောမွန်လူငယ်များအစည်းအရုံး**

ဝါခေါင်လပြည့်၊ ၁၃၇၂ ခုနှစ် (ဩဂုတ်လ ၂၅ ရက်နေ့၊ ၂၀၁၀ ခုနှစ်)

ဆက်သွယ်ရန်

ဖုန်း - ၀၈၃ ၇၆၁ ၈၀၈၆

အီးမေးလ်လိပ်စာ - mypo_office@yahoo.com